မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 17 , 2026 — Volume 103 , Number 13

၁၇.၆.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၁၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၇.၈၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၃.၂၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၇၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၃ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ဈေးနှုန်းမြင့်တက်လျက်ရှိသော ကီလိုမာလကာသီး



ကျောက်ဆည်မြို့နယ်ရှိ တောင်သူအများစုမှာ စပါးစိုက်ပျိုးမှုအပြင် ဟင်းသီးဟင်းရွက်သစ်သီးဝလံများအား စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ တောင်နောက်ကျေးရွာ၊ သံရွာကျေးရွာနှင့် အရှေ့သပြေကုန်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးလျက်ရှိပြီး မိသားစုအပိုဝင် ငွေရရှိသည့် ရာသီမရွေး စိုက်ပျိုးနိုင်ပြီး ရာသီမရွေးစားသုံးနိုင်သည့် ဈေးကွက်ဝယ်လိုအားရှိသည့် ကီလိုမာလကာပင်များကိုလည်း စိုက်ပျိုးလာကြပါသည်။ ၎င်းသီးနှံကို ယာမြေများတွင် ဩဂုတ်၊ စက်တင်ဘာလများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ မိုးဦးကျကာလများတွင် စိုက်ပျိုးပါက အပင်များပိုမိုရှင်သန်နိုင်ပြီး အစေ့မျိုးပင်(သို့မဟုတ်) မြေထုပ်စည်းမျိုးပင်ကို (၁)နှစ်သားအရွယ်ရောက်လျှင် မြေချစိုက်ပျိုးနိုင်ပါသည်။ စိုက်ပျိုးရာတွင် (၁)ပင် နှင့်(၁)ပင် (၁၅-၁၆)ပေ ခြား၍ စိုက်ပျိုးရပါသည်။ မာလကာပင်ကို အစေ့မှ စိုက်ပျိုးလျှင် (၄-၅) နှစ်ထိကြာနိုင်ကြောင်း၊ ကိုင်းဆက်မြေထုပ်ပျိုးပင်ကို (၁)နှစ်ခွဲ (၂)နှစ်အတွင်းမှာ အသီးသီးပါကြောင်း၊ စီးပွားဖြစ်စိုက်ပျိုးသော တောင်သူဦးကြီးများက ကိုင်းဆက် မြေထုပ်စည်းအပင်ကိုသာ အများဆုံးစိုက်ပျိုးကြပါသည်။ ပျိုးပင်တစ်ပင်လျှင် အပင်အရွယ်အစားပေါ်မူတည်၍ (၁၅၀၀-၂၅၀၀-၃၅၀၀-၄၀၀၀) ကျပ်အထိ ဈေးနှုန်းရှိကြောင်း၊ တစ်ဧကလျှင် ကီလိုမာလကာပင် (၃၅၀)ပင် စိုက်ပျိုးကြပြီး (၁)နှစ်ခွဲသားတွင် ရောင်းတန်းဝင်အသီးများ စတင်ခူးဆွတ်ရကြောင်း၊ စတင်

ခူးဆွတ်ချိန်တွင် မာလကာသီးအလုံး (၁၀၀၀-၁၂၀၀)ခန့် ခူးဆွတ်ရကြောင်း၊ ယခုမိုးဦးကျနှင့် မိုးရာသီတွင် အသီးများ ဖြိုင်ဖြိုင်ထွက်ရှိသော်လည်း ဆောင်းနှင့်နွေတွင် အသီးအထွက်နှုန်း လျော့နည်းပါသည်။ ဈေးများတွင် ကီလိုမာလကာသီးများ ဝင်ရောက်မှုနည်းပါး သောကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လျက်ရှိကြောင်း၊ ယခင်လတွင် ကီလိုမာလကာသီး တစ်လုံးလျှင် လက်လီဈေး (၆၀၀-၇၀၀) ကျပ်၊ လက်ကားဈေးအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည်၍ (၅၀၀-၆၀၀)ကျပ်၊ ယခုလတွင် ကီလို မာလကာသီးတစ်လုံးလျှင်လက်လီဈေး (၁၀၀၀-၁၅၀၀)ကျပ်၊ လက်ကားဈေးအနေဖြင့် အလုံးအကြီး၊ အသေးပေါ်မူတည်၍ (၇၀၀-၈၀၀)ကျပ် ဈေးများဖြင့်ရောင်းချပေးကြောင်း မာလကာသီးအများဆုံး စိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

**Source:** https://www.doca.gov.mm

## မွန်ပြည်နယ်၊ ရေးမြို့နယ်၏ ဇွန်လအတွင်း ရာသီသီးနှံဖြစ်သည့် မင်းကွတ်သီး ထွက်ရှိရောင်းချမှု



မွန်ပြည်နယ်၊ ရေးမြို့နယ်သည် မိုးများသောဒေသ ဖြစ်သောကြောင့် ဥယျာဉ်ခြံစိုက်ပျိုးရန် အကောင်းဆုံးဒေသ တစ်ခုဖြစ်ပါသည်။ ဥယျာဉ်ခြံများ၏ (၅၀) ရာခိုင်နှုန်းတွင် မင်းကွတ်သီးကို ထည့်သွင်းစိုက်ပျိုးကြပါသည်။ မိုးရေဖလာ စိုက်ပျိုးရေးစနစ်ဖြင့်သာ စိုက်ပျိုးကြပါသည်။ ဒေသခေါ် အရိုင်းပင်များဖြစ်သည့် သက်တမ်းရင့်အပင်များမှ ခူးယူရရှိ သော အသီးများသည် အရသာနှင့်ပြည့်စုံမှုရှိပါသည်။

ယခုနှစ်အတွင်း ကြုံတွေ့ရတဲ့ အယ်လ်နီညို (EL Nino) အရှိန်ကြောင့် အပူရှိန်ပြင်းထန်ခြင်းကြောင့် အသီးတင်နှုန်းကို အနည်းငယ်ထိခိုက်စေခဲ့ပါသည်။ အပူလွန်ကဲမှုကြောင့် အသီးအချို့ အပင်ပေါ်တွင် ခြောက်သွေ့သွားခြင်းများရှိပါသည်။ ခြံအချို့တွင် အသီးတင်နှုန်း ကောင်းမွန်သော်လည်း ယေဘုယျအားဖြင့် ရာသီဥတုဒဏ်ကြောင့် ယခင်နှစ် ပုံမှန်ထွက်နှုန်းထက် ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့် လျော့ကျကြောင်း ဒေသခံတောင်သူ အချို့က ခန့်မှန်းကြသည်။ မေလကုန်မှဇူလိုင်လအတွင်း မင်းကွတ်သီးလှိုင်လှိုင်ထွက်သည့်အချိန်ဖြစ်သည်။ အသီးစတင်ထွက်ချိန် တွင် ရောင်းတန်းဝင်တစ်လုံးကို ၅၀၀ ကျပ်မှ ၈၅၀ ကျပ်အထိရရှိခဲ့ပြီး အသီးလှိုင်လှိုင်ထွက်ချိန်တွင် ရောင်းတန်းဝင်အသီး တစ်လုံးကို ၁၁၀ ကျပ်မှ ၂၈၀ ကျပ်အထိ ရရှိပါသည်။

မင်းကွတ်သီးကို ဒေသတွင်းဝယ်ယူစားသုံးရာတွင် အဆင်ပြေသော်လည်း မင်းကွတ်သီးတောင်သူတွေ ရင်ဆိုင်နေရသည့် အဓိက အခက်အခဲတွေကတော့ သယ်ယူပို့ဆောင်ရေး၊ လုပ်သားအင်အား၊ နည်းပညာလိုအပ်ချက်ကြောင့် အသားဖန်ခြင်းနှင့် အစေးဝင်ခြင်းတို့ဖြစ်လေ့ရှိပါသည်။ မင်းကွတ်သီးသည် ဒူးရင်းသီးထက် ပိုမိုနုနယ်ပြီး အခွံပွန်းပဲ့လွယ်သည့်အတွက် သယ်ယူ စရိတ်အပြင် စနစ်တကျထုပ်ပိုးမှုစရိတ်ကလည်း ကုန်ကျစရိတ်ပိုများစေပါသည်။ အသီးခူးဆွတ်ရာတွင်လည်း ကျွမ်းကျင် လုပ်သားလိုအပ်ပြီး လုပ်အားခဈေးနှုန်းမြင့်တက်လာခြင်းက အမြတ်အစွန်းကိုလျော့နည်းစေသည်။ မိုးဦးကျချိန်တွင် မိုးများလွန်း လျှင် မင်းကွတ်သီး "အသားဖန်ခြင်း"နှင့် "အစေးဝင်ခြင်း" ပြဿနာများကြောင့် အသီးအရည်အသွေး ကျဆင်းတတ်ပါသည်။

ရေးမြို့နယ်ထွက် မင်းကွတ်သီးမှာ ဓာတုဆေးဝါးအသုံးနည်းပြီး သဘာဝအတိုင်း စိုက်ပျိုးမှုများကြောင့် စားသုံးသူများက ပိုမိုယုံကြည်စိတ်ချစွာ ဝယ်ယူကြပါသည်။ အထူးသဖြင့် ဒူးရင်းသီးနှင့်မင်းကွတ်သီးကို တွဲဖက်စားသုံးလျှင် အပူငြိမ်းအေးသည်ဟု ယူဆကြသဖြင့် ဒူးရင်းသီးထွက်ရှိချိန်တွင် မင်းကွတ်သီးကို တွဲဖက်ဝယ်ယူကြသဖြင့် တောင်သူတွေအတွက် အကျိုးအမြတ် ဖြစ်ထွန်းစေပါသည်။ ၂၀၂၆ ခုနှစ်၊ ရေးမင်းကွတ်သီးဈေးကွက်သည် ဈေးနှုန်းတည်ငြိမ်မှုရှိသော်လည်း ရာသီဥတုကြောင့် အထွက်နှုန်းအနည်းငယ် လျော့ကျနိုင်သည့်အခြေအနေရှိနေကြောင်း သိရသည်။

**Source: https://www.doca.gov.mm**

## ကုလားပဲ ဈေးကွက်ဈေးနှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပဲမျိုးစုံလျာထားစိုက်ဧကမှာ ၂၄ သိန်းကျော်ရှိသည့်အနက် ကုလားပဲ စိုက်ဧက ၄ သိန်းကျော် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာကုန်စည်ဒိုင်၌ ရောင်းဝယ်နေသော ကုလားပဲဈေးနှုန်းများမှာ ဇွန်လဒုတိယအပတ်တွင် ကုလားပဲဖြူလုံးကြီး တစ်တင်း ၇၃,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်း ၇၁,၅၀၀ ကျပ်၊ ကုလားပဲ (929) တစ်တင်း ၇၂,၇၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် တစ်တင်း ၇၂,၀၀၀ ကျပ်ဖြစ်ပြီး ပစ္စည်းအရည်အသွေးပေါ် မူတည်၍ အရောင်းအဝယ်ဖြစ်နေကြောင်းသိရပါသည်။

ယခင်လကာလတူ ကုလားပဲပေါက်ဈေးနှုန်းများမှာ ကုလားပဲဖြူလုံးကြီး တစ်တင်း ၇၅,၀၀၀ ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်း ၇၂,၀၀၀ ကျပ်၊ ကုလားပဲ (929) တစ်တင်း ၇၂,၅၀၀ ကျပ်၊ ကုလားပဲထိုင်ဝမ် တစ်တင်း ၇၁,၀၀၀ ကျပ်ဈေးနှုန်းရှိပြီး ကာလတူပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကုဖြူလုံးကြီး တစ်တင်း ၂၀၀၀ ကျပ်နှင့် ကုလားပဲဖြူလုံးသေး တစ်တင်း ၅၀၀ ကျပ်နှုန်း အနည်းငယ်ကျဆင်းနေပြီး ကုလားပဲ (929) တစ်တင်း ၂၀၀ ကျပ်၊ ကုလားပဲ ထိုင်ဝမ် တစ်တင်း ၁၀၀၀ ကျပ်ခန့် အနည်းငယ် ဈေးမြင့်နေကြောင်းသိရပါသည်။ ထိုသို့ဈေး အတက်/အကျဖြစ်နေရခြင်းမှာ ဈေးကွက်အတွင်းသို့ ကုလားပဲဖြူလုံးကြီး အဝင်များသောကြောင့် ဈေးအနည်းငယ်ကျလာပြီး ကုလားပဲ (929) နှင့် ကုလားပဲထိုင်ဝမ်တို့မှာ အဝင်နည်းပြီး ဝယ်ယူမှုများလာသဖြင့် ဈေးအနည်းငယ်တက်လာကြောင်း သိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

## မန်ကျည်းသီးမှည့်အသစ်များ ဈေးနှုန်းအနည်းငယ်ကျဆင်း



မြန်မာနိုင်ငံတွင် မန်ကျည်းသီး၊ မန်ကျည်းဖူး၊ မန်ကျည်းရွက်နုတွေကို လူတော်တော်များများ နှစ်သက်စွာစားသုံးကြကြောင်း၊ မြန်မာ့ရိုးရာဆေးနည်းမှာ မန်ကျည်းတစ်ပင်လုံးက ပစ်စရာမရှိအောင် အသုံးဝင်ကြောင်း၊ အိမ်ရှင်မများ ဟင်းချက်ရာတွင် ပုံစံမျိုးစုံဖြင့် အသုံးပြုကြကြောင်း၊ မန်ကျည်းသီးမှည့် သီးသန့်ပဲဖြစ်ဖြစ်၊ ဟင်းအနှစ်အဖြစ်လည်း ချက်စားကြသလို ဖျော်ရည်အဖြစ်လည်း သောက်သုံးကြကြောင်း၊ ချဉ်ရည်ဟင်း၊ အကင်အမျိုးမျိုးအတွက် အသုံးပြုကြောင်း၊ မန်ကျည်းသီးမှည့်သည် အရသာထိမိရုံသာမက ကျန်းမာရေးကောင်းကျိုးများလည်း များစွာရှိကြောင်း၊ မန်ကျည်းသီးမှည့် စားသုံးခြင်းဖြင့် နှလုံးကျန်းမာရေးကို အထောက်အကူပြုနိုင်ခြင်း၊ သွေးဖိအားကိုမျှတစေခြင်း၊ အသည်းအဆီဖုံးခြင်းကို ကာကွယ်ပေးခြင်းစသည့် ကျန်းမာရေးကောင်းကျိုးများစွာရရှိကြောင်း၊ ထောင်းပြီးငပိနှင့်ချက်စားခြင်းအပြင် ပုစွန်ဆိတ်၊ ပုစွန်ဆီ၊ ငါးပိကောင်များဖြင့်လည်း ချက်စားလေ့ရှိကြောင်း ၊ မန်ကျည်းသီးဈေးနှုန်းအနေဖြင့် ယခင်မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ၁၂,၀၀၀ ကျပ်ဖြင့်ရောင်းဝယ်ခဲ့ပြီး ယခုအချိန်တွင် မန်ကျည်းသီးမှည့် တစ်ပိဿာလျှင် ၈၀၀၀ ကျပ်ဖြင့် ရောင်းဝယ်လျက် ရှိသောကြောင့် ယခင်လနှင့်နှိုင်းယှဉ်ပါက ၄၀၀၀ ကျပ်ခန့် ဈေးနှုန်းကျဆင်းသွားကြောင်း၊ ဈေးကွက်ထဲတွင် မန်ကျည်းမှည့်သစ်များ ဖြိုင်ဖြိုင်ဝင်ရောက်လာသောကြောင့် ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း သိရပါသည်။

**Source:** https://www.doca.gov.mm

## အမေရိကန်မှ ပြောင်းတန်ချိန် ၁ သန်းတင်သွင်းမှုက ပြည်တွင်းဈေးကွက်နှင့်တောင်သူများကို ထိခိုက်မည်မဟုတ်ကြောင်း မွေးမြူရေးကဏ္ဍ တာဝန်ရှိသူများဆို

အမေရိကန်နိုင်ငံမှပြောင်းတန်ချိန် ၁ သန်းတင်သွင်းရန်ပြင်ဆင်နေသည့် စီမံကိန်းသည် ပြည်တွင်းရှိ ပြောင်းစိုက်တောင်သူများနှင့်ပြောင်းဈေးနှုန်းအပေါ် သက်ရောက်မှုရှိမည်မဟုတ်ဘဲ၊ လက်ရှိကုန်ကြမ်းပြတ်လပ်မှုနှင့် စရိတ်ကြီးမားမှုဒဏ်ကြုံတွေ့နေရသည့် ပြည်တွင်းတိရစ္ဆာန်အစာထုတ်လုပ်မှုနှင့်မွေးမြူရေးကဏ္ဍအတွက်သာ အထောက်အကူပြုစေမည်ဖြစ်ကြောင်း အစာစပ်လုပ်ငန်းနှင့်မွေးမြူရေးအသင်းအဖွဲ့များက ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုင်းတိရစ္ဆာန်အစာစပ်လုပ်ငန်းရှင်များအသင်း(Thai Feed Mill Association)၏ဥက္ကဋ္ဌနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းအဖွဲ့ချုပ်၏ အတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Pornsil Patcharintanakul က ထိုင်းနိုင်ငံ၏ မွေးမြူရေးကဏ္ဍသည် ပြည်ပမှ တိရစ္ဆာန်အစာကုန်ကြမ်းတင်သွင်းမှုအပေါ် များစွာမှီခိုနေရကြောင်း ရှင်းလင်းခဲ့သည်။

**တိရစ္ဆာန်အစာပြောင်းလိုအပ်ချက်နှင့် ပြတ်လပ်မှုပမာဏ**

လက်ရှိတွင် ထိုင်းနိုင်ငံ၌ တစ်နှစ်လျှင် တိရစ္ဆာန်အစာအတွက် ပြောင်းတန်ချိန် ၉ သန်းခန့်လိုအပ်သော်လည်း ပြည်တွင်း၌ တန်ချိန် ၅ သန်းသာထုတ်လုပ်နိုင်သဖြင့် တန်ချိန် ၄ သန်းခန့်လိုငွေပြနေသည်။

ပုံမှန်ပြည်ပတင်သွင်းမှု: အိမ်နီးချင်းနိုင်ငံများမှ ပြောင်းတန်ချိန် ၁ ဒသမ ၅ သန်းနှင့် ပြည်ပမှ ဂျုံ(Wheat) တန်ချိန် ၁ ဒသမ ၇ သန်း (စုစုပေါင်း ၃ ဒသမ ၂ သန်း)တင်သွင်းသော်လည်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တန်ချိန် ၈၀၀,၀၀၀ ခန့်လိုအပ်ချက်ရှိနေဆဲဖြစ်သည်။

မြန်မာ့ပြောင်းသွင်းကုန်လျော့ကျနိုင်ခြေ နယ်စပ်ဖြတ်ကျော်လေထုညစ်ညမ်းမှု(PM2.5)ကို ထိန်းချုပ်ရန်အတွက် ထိုင်းအစိုးရကတင်သွင်းမည့် ပြောင်းနှင့်ဂျုံများတွင် "မီးရှို့စိုက်ပျိုးခြင်းမရှိကြောင်း သက်သေခံလက်မှတ်(Burn-free Certification)" ပါရှိရမည်ဟု တင်းကျပ်လိုက်သဖြင့်၊ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ပြောင်းတင်သွင်းမှုမှာ တန်ချိန် ၁ ဒသမ ၁ သန်းအထိ လျော့ကျသွားနိုင်ကြောင်း သိရသည်။

**"၃:၁ မူဝါဒ" အကာအကွယ်ကြောင့် ပြည်တွင်းတောင်သူများ မထိခိုက်နိုင်**

အမေရိကန်မှ ပြောင်းတန်ချိန် ၁ သန်းတင်သွင်းမည့်အစီအစဉ်သည် ပြည်တွင်းပြောင်းများကို အစားထိုးမည်မဟုတ်ဘဲ၊ လက်ရှိတင်သွင်းနေသည့် ဂျုံတန်ချိန် ၁ ဒသမ ၇ သန်း၏အစိတ်အပိုင်းအချို့ကိုသာ အစားထိုးသွားမည်ဖြစ်သည်။

ထို့အပြင် အစိုးရ၏ ၃:၁ အချိုးကျစည်းမျဉ်း (ပြည်ပမှ ပြောင်း သို့မဟုတ် ဂျုံ ၁ ဆတင်သွင်းလိုလျှင် ပြည်တွင်းဖြစ် ပြောင်း ၃ ဆကို မလွဲမသွေဝယ်ယူရမည်ဟူသော ကန့်သတ်ချက်ရှိနေခြင်းကြောင့် ပြည်တွင်းပြောင်းဈေးကွက်ကို ထိခိုက်စရာမရှိကြောင်း Mr. Pornsil က ထောက်ပြခဲ့သည်။ ဤတင်သွင်းမှုသည် လက်ရှိအမေရိကန်နှင့်ထိုင်းအကြား ဆွေးနွေးနေဆဲဖြစ်သော ကုန်သွယ်ရေးအခွန်အတားအဆီး(US Trade Tariffs)သက်ရောက်မှုများကို လျှော့ချရန်အတွက်လည်း ရည်ရွယ်သည်။

**ကုန်ကြမ်းဈေးတက်မှုကြောင့် ကြက်မွေးမြူရေးကဏ္ဍအရှုံးပေါ်နေ**

လက်ရှိတွင် ထိုင်းပြည်တွင်း၌ တိရစ္ဆာန်အစာပြောင်းဈေးနှုန်းမှာ အစိုးရ၏ သွင်းကုန်ထိန်းချုပ်မှုတင်းကျပ်ခြင်း၊ ရာသီဥတုမိုးခေါင်ပြီး စိုက်ပျိုးချိန်နောက်ကျခြင်းတို့ကြောင့် တစ်ကီလိုဂရမ်လျှင် ၁၃ ဘတ်ကျော်အထိ မြင့်တက်နေသည်။

ထိုင်းအသားစားကြက်ထုတ်လုပ်သူများအသင်း(Thai Broiler Association)၏ဥက္ကဋ္ဌ Mr. Somboon Watcharapongphan က ပြောင်းဈေးနှုန်းမြင့်တက်မှုကြောင့် အစာကျွေးစရိတ်ဝန်ထုပ်ဝန်ပိုးကြီးမားလာပြီး မွေးမြူရေးတောင်သူများ ထိခိုက်နေရကြောင်းဆိုသည်။ "လက်ရှိမှာ ကြက်မွေးမြူရေးတောင်သူတွေအရှုံးပေါ်နေပြီး အချို့ကထုတ်လုပ်မှုပမာဏကို လျှော့ချနေကြပါပြီ။ ဒါက ရေရှည်မှာ ကြက်သားပြည်ပတင်ပို့မှုကို ထိခိုက်စေမှာဖြစ်သလို၊ နောက်ဆုံးမှာ စားသုံးသူတွေအပေါ်ပါ သက်ရောက်မှုရှိလာမှာပါ"ဟု ၎င်းကသတိပေးထားသည်။ ထို့ကြောင့် အသင်းအဖွဲ့များက အစိုးရအနေဖြင့် ကဏ္ဍစုံအတွက်

မျှတမည့် သွင်းကုန်မူဝါဒများကို ပြန်လည်သုံးသပ်ပေးရန် တောင်းဆိုထားကြသည်။

**ကိုးကား။ Bangkok Post**

**(ရည်မွန်လှိုင်၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေး ခိုင်မာစေရန်အတွက် ဗြိတိန်ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားသို့ လာရောက်မည်

ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ ထိုင်းနှင့်လာအိုနိုင်ငံဆိုင်ရာ UK ဝန်ကြီးချုပ်၏ ကုန်သွယ်ရေးသံတမန် Matt Western MP သည် နှစ်နိုင်ငံဆက်ဆံမှုများကို ဆက်လက်တည်ဆောက်ရန်နှင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း၊ ၁၁.၆.၂၀၂၆ ရက်နေ့က ဖနွမ်းပင်မြို့ရှိ ဗြိတိသျှသံရုံးမှထုတ်ပြန်သော ကြေညာချက်တစ်ခုအရသိရသည်။ ထုတ်ပြန်ချက်အရ ၎င်း၏ခရီးစဉ်သည် လက်ရှိဆက်ဆံရေးများကို အားဖြည့်ရန်နှင့် ကမ္ဘောဒီးယား၏ ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှုကိုပံ့ပိုးရန် UK ၏ ကတိကဝတ်ကို ပြန်လည် အတည်ပြုရန်ရည်ရွယ်ကြောင်း သိရသည်။ ခရီးစဉ်မတိုင်မီပြောကြားရာတွင် Matt Western MP က ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ မကြာမီကာလအတွင်း လွတ်မြောက်ခြင်းသည် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးများကို ပိုမိုနက်ရှိုင်းစေရန်၊ ပညာရေးမိတ်ဖက်များကို အားကောင်းစေရန်နှင့် ဒေသခံစီးပွားရေးလုပ်ငန်းများ ကြီးထွားမှုကို ပံ့ပိုးရန်အတွက် အခွင့်အလမ်းအသစ်များကို ပေးဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ UK ၏ ကျွမ်းကျင်မှုသည် ကမ္ဘောဒီးယား၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုနိုင်သည့် နယ်ပယ်များအဖြစ် အခြေခံအဆောက်အအုံ၊ ငွေကြေးဝန်ဆောင်မှုများ၊ အရင်းအနှီးဈေးကွက်များနှင့် ပညာရေးကဏ္ဍတို့ကို အားကောင်းလာစေမည် ဖြစ်ကြောင်း အလေးပေးပြောကြား ကမ္ဘောဒီးယားအကောက်ခွန်နှင့်ယစ်မျိုးအခွန်ဦးစီးဌာန (GDCE) ၏ အထွေထွေ ကုန်သွယ်ရေးအချက်အလက်များအရ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအတွင်း နှစ်နိုင်ငံကုန်သွယ်မှု စုစုပေါင်း အမေရိကန် ဒေါ်လာ ၄၀၁ ဒသမ ၆၃ သန်းရှိခဲ့ပြီး ယမန်နှစ် ကာလတူထက် ၃ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ကမ္ဘောဒီးယား၏ UK သို့ ပို့ကုန်များသည် ၃ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပြီး ဒေါ်လာ ၃၇၈ ဒသမ ၉၉ သန်းရှိခဲ့သော်လည်း UK မှ သွင်းကုန်များမှာ ၇ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ကာ ဒေါ်လာ ၂၂ ဒသမ ၆၄ သန်းရှိခဲ့ကြောင်း သိရသည်။

**Source: https://www.doca.gov.mm/**

## ဖိလစ်ပိုင်နိုင်ငံမှ ကဏန်းအသား တင်သွင်းမှုကို ပိတ်ပင်လိုက်သည့် အမေရိကန်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံမှ ကဏန်းအသားတင်သွင်းမှုအပေါ် အမေရိကန်၏ တင်သွင်းမှုပိတ်ပင်ချက်သည် ဇွန်လ ၁၁ ရက်နေ့တွင် စတင်သက်ရောက်လာပြီဖြစ်ကြောင်းနှင့် ရေကူးကဏန်းပြာ (Blue Swimming Crab) လုပ်ငန်းကဏ္ဍအနေဖြင့် တစ်နှစ်လျှင် ဖိလစ်ပိုင်ပီဆို ၆ ဘီလီယံမှ ၇ ဘီလီယံအထိရှိနိုင်မည့် ကြီးမားသော စီးပွားရေးအရ ဆုံးရှုံးမှုများနှင့် အလုပ်အကိုင်ဆုံးရှုံးမှုများ အတွက် ကြိုတင်ပြင်ဆင်နေရကြောင်း လုပ်ငန်းကဏ္ဍအတွင်းရှိ သက်ဆိုင်သူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်၏ ပင်လယ်ရေနေ နို့တိုက်သတ္တဝါများ ကာကွယ်ရေးအက်ဥပဒေ (MMPA) ကို ဖိလစ်ပိုင်နိုင်ငံက လိုက်နာရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ၎င်း၏အကြီးမားဆုံး ပို့ကုန်ဈေးကွက်ကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်း E.B. Magalona မြို့တော် ဝန်ဟောင်းနှင့် ကဏန်းအသား တင်ပို့သူတစ်ဦးဖြစ်သည့် အယ်လ်ဖွန်ဆိုဂမ်ဘိုအာ (Alfonso Gamboa) က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဂဏန်းအသား ထုတ်လုပ်မှုပမာဏ စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းခန့်ကို အမေရိကန်ပြည်ထောင်စုသို့ တင်ပို့နေရခြင်းဖြစ်ကြောင်း ဂမ်ဘိုအာက ပြောကြားခဲ့ပါသည်။ မဖြစ်မနေ လုပ်ဆောင်ရမည့် ပင်လယ်ရေနေ နို့တိုက်သတ္တဝါများ

ကာကွယ်ရေးနှင့်ဘေးထွက်ဖမ်းဆီးမိမှု (Bycatch) စောင့်ကြည့်လေ့လာရေး အစီအစဉ်များဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ လုံလောက်မှုမရှိခြင်းကြောင့် ဖိလစ်ပိုင် ရေကူးဂဏန်းပြာ ထုတ်ကုန်များ တင်သွင်းမှုကို ကန့်သတ်သွားမည် ဖြစ်ကြောင်း အမေရိကန် အမျိုးသားပင်လယ်ရေလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ (NMFS) က မေလ ၁၂ ရက်နေ့တွင် ကြေညာခဲ့သည်။

အဓိက ဂဏန်းပြာပြုပြင်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သည့် Saravia Blue Crab Inc. ၏ ဥက္ကဋ္ဌ ဂမ်ဘိုအာက အမေရိကန်၏နှိုင်းယှဉ်ချက် အရည်အသွေးစစ်ဆေးအကဲဖြတ်မှုတွင် ဖိလစ်ပိုင်သည် အာဆီယံနိုင်ငံများထဲ၌ တစ်နိုင်ငံတည်းသာ ကျရှုံးခဲ့ခြင်းဖြစ်ကြောင်းပြောကြားခဲ့ပြီး၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ဗီယက်နမ်နှင့်တရုတ်နိုင်ငံတို့ပင် လိုက်နာဆောင်ရွက်နိုင်ခဲ့ကြကြောင်း ထောက်ပြခဲ့သည်။

ဖိလစ်ပိုင် တင်ပို့သူများသည် ၂၀၂၅ ခုနှစ် စက်တင်ဘာလကတည်းက အမေရိကန်ဈေးကွက်သို့ ဝင်ရောက်ခွင့် ကနဦး ငြင်းပယ်ခံခဲ့ရသဖြင့် အဆိုပါလုပ်ငန်းကဏ္ဍသည် ထိုအချိန်ကတည်းက အခက်အခဲများနှင့် ရင်ဆိုင်နေရပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလတွင် တင်သွင်းခဲ့သည့် အယူခံတွင်လည်း အလားတူပင် မအောင်မြင်ခဲ့ကြောင်း ဂမ်ဘိုအာက ပြောကြားခဲ့သည်။ အမေရိကန်ဈေးကွက် ဆုံးရှုံးသွားခြင်းကြောင့် နေဂရိုးစ် (Negros)၊ ပါနေး (Panay)၊ ဘီကိုးလ် (Bicol)၊ ဆာမာ (Samar)၊ လေတေး (Leyte) နှင့် မင်ဒါနာအို (Mindanao) ဒေသအချို့ရှိ ရေလုပ်သား ၁၀,၀၀၀ ခန့်နှင့် အပိုဆောင်း ဂဏန်းအသားနွှင်သူ ၄,၀၀၀ မှ ၅,၀၀၀ ခန့်ထိခိုက်နစ်နာနိုင်ကြောင်း ဂမ်ဘိုအာ၏ ပြောကြားချက်အရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ အဓိက ထုတ်လုပ်ရာဒေသများတွင် ဗီဆာယန်ပင်လယ် (Visayan Sea)၊ ဂီမာရပ်စ်ရေလက်ကြား (Guimaras Strait)၊ ဆန်မီဂွယ်ပင်လယ်အော် (San Miguel Bay)၊ မာ့စ်ဘာတေး (Masbate)၊ ဆော်ဆိုဂွန် (Sorsogon)၊ ကာမာရီနက်စ်နော့တ် (Camarines Norte) နှင့် ကာမာရီနက်စ်ဆူးရ် (Camarines Sur) တို့ ပါဝင်လျက်ရှိပါသည်။ ဖိလစ်ပိုင်နိုင်ငံသည် ဘာကိုးလော့ဒ် (Bacolod)၊ အီလိုအီလို (Iloilo)၊ ဆီဘူး (Cebu) နှင့် အခြားသော ကမ်းရိုးတန်း လူမှုအသိုင်းအဝိုင်းများရှိ ပြုပြင်ထုတ်လုပ်ရေး စက်ရုံများမှ ရရှိသော ဂဏန်းအသား ပေါင်ချိန် ၅၀၀,၀၀၀ ခန့်ကို အမေရိကန်သို့ လစဉ် တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်သို့ တင်ပို့မှု အားကောင်းခဲ့စဉ်က ဂဏန်းတစ်ကီလိုဂရမ်လျှင် ဖိလစ်ပိုင်ပီဆို ၃၀၀ မှ ၄၀၀ အထိ ရောင်းချခဲ့ရကြောင်း သိရပါသည်။ အမေရိကန်ဈေးကွက် ဆုံးရှုံးသွားခြင်းကြောင့် ဈေးနှုန်းများသည် တစ်ကီလိုဂရမ်လျှင် ပီဆို ၁၅၀ မှ ၂၀၀ ကြားအထိ ကျဆင်းသွားနိုင်ပြီး၊ ယင်းသည် ဒေသတွင်းစားသုံးသူများအတွက် အကျိုးရှိစေသော်လည်း လုပ်ငန်းကဏ္ဍ အတွင်းရှိ လုပ်ကိုင်သူများအတွက်မူ ဝင်ငွေလျော့နည်းသွားစေမည်ဖြစ်ကြောင်း သိရသည်။

**Source: Philstar**

**Source: https://www.doca.gov.mm**

# STOCK EXCHANGE (17.6.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 17th Jun. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 8,854 (Shares) | 65,154,300 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 16,500 | -500 | -2.94% | 17,000 | 17,000 | 16,000 | 307 | 5,046,000 | 33,109,694 | 546,310 |
| MTSH | 00002 | 8,500 | -400 | -4.49% | 8,800 | 8,800 | 8,500 | 3,704 | 31,866,600 | 38,929,150 | 330,898 |
| MCB | 00003 | 13,000 | -2,500 | -16.13% | 15,000 | 15,000 | 13,000 | 226 | 3,355,000 | 10,400,986 | 135,213 |
| FPB | 00004 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,600 | 834 | 6,387,700 | 31,144,738 | 239,815 |
| TMH | 00005 | 3,500 | +50 | +1.45% | 3,650 | 3,650 | 3,500 | 11 | 40,000 | 12,823,224 | 44,881 |
| EFR | 00006 | 2,000 | +0 | +0.00% | 1,950 | 2,000 | 1,950 | 1,037 | 2,048,900 | 19,977,223 | 39,955 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,000 | 4,100 | 4,000 | 24 | 97,400 | 10,497,598 | 43,040 |
| MAEX | 00008 | 6,000 | -100 | -1.64% | 6,000 | 6,100 | 6,000 | 2,711 | 16,312,700 | 23,804,946 | 142,830 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Jun. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 802.87 | -31.56 | -3.78% | 829.21 | 829.21 | 802.87 | 8,854 | 65,154,300 | 8 | 1,522,942 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 18th Jun. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 14,778 (Shares) | 106,855,350 (MMK) |

| MYANPIX | 779.65 ▼ 23.22 |
|---|---|
| Total Volume (shares) | 14,778 |
| Total Value (MMK) | 107 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,478,894 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 16,000 | ▼ 500 |
| MTSH | 00002 | 8,400 | ▼ 100 |
| MCB | 00003 | 12,000 | ▼ 1,000 |
| FPB | 00004 | 7,400 | ▼ 300 |
| TMH | 00005 | 3,400 | ▼ 100 |
| EFR | 00006 | 1,950 | ▼ 50 |
| AMATA | 00007 | 3,950 | ▼ 150 |
| MAEX | 00008 | 6,000 | ▲ 0 |